

ရိုဇဂလျှင်းဝေ
တိမ်ကင်းပါတဲ့သဘော်တာ

(၁)

မြတ်နိုး၏ ဘဝမှာ တွယ်ခဲ့သော သံယောဇဉ်များကို ကျောခိုင်းဖြတ်တောက်ခဲ့သည် မှာ သုံးနှစ်တာ ကာလသို့ပင် ကူးစက်လာပါပြီလေ။

အသည်းနာစရာ ကောင်းလွန်းသော ဖြစ်ရပ်များကြောင့် မြတ်နိုးရဲ့ နှလုံးသား ကြေမွကြေကျခဲ့သလို ဘဝသည် လည်း နွမ်းခြောက်ခဲ့ပြီး ဖြစ်သည် ။

နှလုံးသားမှာ ကြီးမားစွာ ဒဏ်ရာတွေ ရစေခဲ့သော ရန်ကုန်မြေကြီးမှ လည်း စွန့်ပစ်ခွဲခွာခဲ့သည် မှာ သုံးနှစ်တာတွင်းသို့ပင် ရောက်နေပါပြီ။

မရှင်းလင်းခဲ့သော ပြဿနာတစ်ခုကို ပြတ်သားစွာ ရှင်းလင်းရန်၊ ရန်ကုန်မြို့သို့ မြတ်နိုး တစ်ကျော့ လှည့်လာခဲ့ပါပြီ။

သူမရဲ့ ဘဝကို လွတ်လပ်စွာ မလှုပ်ရှားနိုင်အောင် တုပ်နှောင်ခဲ့သော ကြိုးစကြိုးနတွေကို အပြီးပိုင် သုတ်သင်ရှင်းလင်းရန် မြတ်နိုး လာနေပါပြီ။

သူမရဲ့ သွေးသား အရင်းအချာဖြစ်သော ယုယ။ မြတ်နိုးရဲ့ တစ်ဦးတည်းသော မောင်လေး ယုယ။

သူ့ကိုလည်း မြတ်နိုး စွန့်ပစ်ခဲ့တာ သုံးနှစ်ပင် ရှိပြီပေါ့။ မောင်လေး ယုယဘဝ ဘယ်လိုတွေများ ပြောင်းလဲနေပြီလဲ။

*

(၂)

ယုယ ဘယ်ဆီဘယ်မှာ နေသည် ကိုပင် မစုံစမ်းဘဲ၊ ပစ်ထားခဲ့သည် ။ သူမရဲ့ ဘဝကို ပြောင်းလဲမှုတွေ ဖြစ်စေတဲ့ ယုယကိုပါ ရောယောင်ပြီး စိတ်နာထားသည် ။

ဒါကြောင့် အရာအားလုံးကို စွန့်ပစ်ပြီး မြတ်နိုး ထွက်ပြေးခဲ့သည် ။ ရင်နာစရာ ကောင်းတဲ့ အဖြစ်တွေကို ကျောခိုင်းခဲ့သည် ။

အချစ်ရဆုံးသူရဲ့ ဖောက်ပြန်သစ္စာမဲ့မှုက၊ မြတ်နိုးရဲ့ ဘဝကို အစိတ်စိတ် အမြွှာမြွှာ ပြိုကွဲစေသည် ပဲ။ ချစ်တတ်သော နှလုံးသားတွေနှင့် ဘဝ တစ်ခုကို ပုံအပ်ခဲ့ပြီးခါမှ သူက မညှာမတာ ရက်စက်စွာ နင်းခြေခဲ့သည် ။

ယုယကြောင့် သူနှင့် ဆုံသည် ။ ဒါကြောင့် ယုယကိုပါ ရောပြီး စိတ်နာစာရင်းမှာ သွင်းခဲ့သည် ။

ရန်ကုန်မြေသို့ ခြေချခြင်းက လွင့်စဉ်ခဲ့သော နှလုံးသား အပိုင်းအစများကို စုစည်းကောက်ယူဖို့ မဟုတ်။ အနှောင်အဖွဲ့က လွတ်မြောက်ရေးနှင့် ဘဝသစ်တစ်ခု ဖန်တီးရေးအတွက် ဖြစ်သည် ။

*

မောင်လေး ယုယကို ယခင်က နေခဲ့သော အိမ်မှာ သွားရှာသည် မတွေ့ပါ။ လိပ်စာ ပြောင်းသွားသည် ။ နောက်တစ်နေရာသို့ လိုက်သည် ။

အ လုပ်သွားနေ၍ မတွေ့ပါ။ စာတစ်စောင် ရေးပြီး ထားခဲ့သည် ။

ယုယ...

မြတ်နိုး ရန်ကုန် ပြန်ရောက်နေတယ်၊ ယုယနဲ့ သိပ်တွေ့ချင်တယ်၊ မနက်ဖြန် မနက် ရှစ်နာရီ ဝါးတန်းလမ်းက ဒရင်းမှာ စောင့်နေမယ်၊ အပေါ်ထပ်ကို လာခဲ့ပါ။ မြတ်နိုးအတွက် သိပ်အရေးကြီးတဲ့ ကိစ္စမို့ ဆက်ဆက်လာပါ။

မြတ်နိုး

တွယ်တာမှု သံယောဇဉ် အရိပ်အယောင်တွေ မပါ၊ တုံးတိတိ ပြတ်တောက်တောက် စာကို ရေးပြီး ထားခဲ့သည် ။ အိမ်ရှင်လက်ထဲသို့ ယုယလာလျှင် ဆက်ဆက်ပေးဖို့ မှာ ခဲ့သည် ။

ဘယ်ကိုမျှ လျှောက်လည်လိုစိတ် မရှိ၍ တည်းခိုခန်းသို့ မြတ်နိုး ပြန်ခဲ့သည် ။

ပြင်းထန်သော နာကြည်းမှုတွေနှင့် ဆက်နွှယ်မိသည့်အခါ မောင်နှမ အရင်းအချာကိုပင် သူစိမ်းပြင်ပြင်ရှိနိုင်ခဲ့ပါလား။

"ယောက်ျားပဲ၊ ဒါလောက်တော့ ရှိမှာ ပေါ့ မြတ်နိုးရာ၊ နင်ကလည်း အဖြစ်သည်းလွန်းတယ်၊ သဝန်တိုလွန်းတယ်"

ယုယုက ပေါ့ဆဆ ပြောခဲ့သော စကားက မြတ်နိုးရဲ့ ရင်ကို ပြင်းထန်စွာ နာကျင်စေသည် မဟုတ်ပါလား။ အစ်မဘက်က မနာ၊ သူစိမ်းဘက်က ဘက်လိုက်တဲ့ မောင်ကိုလည်း ရောပြီး စိတ်နာခဲ့ရသည် လေ။

*

# (၃)

ရန်ကုန်မြေသို့ ပြန်ပြီး ခြေချမိခါမှ ရင်မှာ ဝေဒနာတွေ အသစ်တစ်ဖန် ပြန်ခံစားရသည် ။ အချစ်ကြီးလွန်းခဲ့တဲ့ မြတ်နိုး။ အမျက်လည်း ကြီးရပါသည် ။ ထိုအမျက်အတွက် ခါးစည်းအခံရခက်စွာ ခံစားနေရဆဲပါ။

သုံးနှစ်ဆိုသော ကာလအတွင်းမှာ သူမရဲ့ ဘဝ တည်ငြိမ်အောင် ကြိုးစားခဲ့သည့် အတွေ့အကြုံတွေနှင့် ရင့်ကျက်မှုတွေလည်း ရှိခဲ့ပါပြီ။

သည် တစ်ခေါက်မှာ ပြတ်သားစွာ အရာရာကို ရှင်းလင်းဖို့ မြတ်နိုးလာခဲ့ခြင်းပါပဲ။ လမ်းမတော် ဝါးတန်းလမ်းဆီသို့ လှမ်းလာခဲ့သည် ။

ယုယကို ချိန်းဆိုထားသည့်အချိန်တွင် စောစွာထွက်ခဲ့သည် ။ ဒရင်းဆိုသော ဘာဂါနှင့် စနိုက်ဆိုင်သို့ ဆယ့်ငါးမိနစ် စောရောက်နေသည် ။

လေအေးစက်ဖြင့် အေးစိမ့်တိတ်ဆိတ်နေသော ဒရင်းစားသောက်ဆိုင်ရဲ့ အပေါ်သို့ တက်ခဲ့သည် ။ နက်(စ်) ကော်ဖီတစ်ခွက်နှင့် ကြက်သား စလာမီခေါ်သော ပေါင်မုန့် အသားကြက်ဥကြော်တစ်ပွဲ မှာ ပြီး အေးအေးဖြည်းဖြည်း စားသောက်သည် ။

မကြာလိုက်ပါ။ ယုယတစ်ယောက် စိတ်လှုပ်ရှားမှုများ စွာ သယ်ဆောင်ထားသော မျက်နှာနှင့် ရောက်လာသည် ။ ငါးမိနစ်လောက်သာ ကွာ၍ ယုယလည်း စိတ်စောစွာ ချိန်းထားသည့်အချိန်ထက် စောရောက်လာသည် ပဲ။ သူမရဲ့ မျက်နှာကို ယုယက အတန်ကြာစွာ စိုက်ကြည့်ပြီးမှ

ဆို့နင့်စွာ ခေါ်သည် ။

"မြတ်နိုးရယ်"

"ကဲ... ထိုင်ပါဦး ယုယ"

မထိုင်သေးဘဲ အံ့ဩသောမျက်နှာနှင့် ရှိနေသော ယုယကို ထိုင်ခိုင်းသည် ။ ဖြည်းလေးစွာ စားပွဲမှ ယုယ ထိုင်သည် ။ သူ့အကြည့်တွေ မြတ်နိုးရဲ့ မျက်နှာပေါ်မှာ သာ။

"မြတ်နိုးရယ်၊ နင် ဘယ်ကို ထွက်ပြေးသွားတာလဲ၊ ဘာကြောင့် ငါတို့ကို ပစ်ခဲ့တာလဲ ပြောပါဦး"

မဲ့ပြုံးဖြင့် လှပသော မြတ်နိုးရဲ့ နှုတ်ခမ်းလေး မဲ့သွားသည် ။ မှောင်ရိပ်တွေက လှပသော မြတ်နိုးရဲ့ မျက်ဝန်းတွေထဲမှာ လက်ဖြာနေသည် ။

"အဲဒီအကြောင်းတွေ ခုချိန်မှာ သိစရာ မလိုတော့ပါဘူး ယုယ"

"မြတ်နိုး သိပ်ရက်စက်တယ်၊ ငါ့ရင်ထဲမှာ ဘယ်လောက်ပူနေတယ်ဆိုတာ မသိဘူးလား"

"ငါ ဘာမှ မသိချင်ဘူး ယုယ၊ အခု ငါပြန်လာတာ ကိုပိုင်စိုးမိုးနဲ့ စာရင်းရှင်းမလို့ "

"ဘာရယ်၊ ငါ နားမလည်ဘူး"

"အေး... ကိုပိုင်စိုးမိုးနဲ့ အပြတ် စာရင်းရှင်းမလို့ ငါ ဘဝသစ် ထူထောင်မယ့် နေရာမှာ ၊ သူက အမိုက်ဖြစ်နေတယ် ယုယရဲ့ "

"ဟာ..."

ယုယက မျက်နှာကြီး ရှုံ့ပြီး သူမကို မကျေမနပ်နှင့် ကြည့်နေသည် ။

"ပေါက်ကရတွေ မပြောစမ်းပါနဲ့ မြတ်နိုးရယ်"

မထိတရီနှင့် ပြောနေသော မြတ်နိုးရဲ့ မျက်နှာမှာ ရုတ်တရက် ပြောင်းလဲမှုတွေ ဖြစ်သွားသည် ။ လှေကားထိပ်ဆီသို့ ပြူးဝိုင်း အံ့သြသော အကြည့်များ နှင့် မြတ်နိုး ကြည့်နေသည် ။

မြတ်နိုးရဲ့ မျက်နှာမှာ သွေးတွေ ချက်ချင်း ဆုတ်သွားသည် ။ ချာခနဲ နောက်ဆီသို့ ယုယ လှည့်ကြည့်သည် ။

"ဟင် ...."

ယုယလည်း တအံ့တသြ ဖြစ်သွားသည် ။ သူတို့ မောင်နှမ နှစ်ယောက်ကို ထိုသူက လှောင်ထေ့အောင်မြင်သော အကြည့်များ နှင့် ကြည့်ပြီး စားပွဲဆီသို့ လျှောက်လာပါသည် ။

"ကိုပိုင်စိုးမိုး"

မြတ်နိုးရဲ့ ပါးစပ် ဝိုင်းဝိုင်းလေးဆီမှ တစ်လုံးချင်း ထစ်ငေါ့စွာ ထွက်လာသော အသံ။

"ဟုတ်ပါတယ် .... ပိုင်စိုးမိုးပါ၊ မင်း မှတ်မိသေးတယ်ပေါ့"

စူးရှမုန်းတီးသော မျက်ဝန်းတွေနှင့် စိုက်မတ်စွာ ကြည့်ပြီး မြတ်နိုးကို ပြောသည် ။ မြတ်နိုးရဲ့ မျက်နှာကို မမှိတ်မသုန် ကြည့်ရင်းက ကုလားထိုင်မှာ ထိုင်သည် ။

"ဟင်... ယုယ၊ နင် သူ့ကို ခေါ်ခဲ့တယ် ဟုတ်လား"

မြတ်နိုးက ဒေါသတကြီးနှင့် ယုယကိုရန်ထောင်သည် ။ ယုယက လက်တစ်ခါခါနှင့် ရှိနေသည် ။

" မဟုတ်ဘူး .... ငါ နင့်အကြောင်းကို ဘယ်သူ့ကိုမှ မပြောခဲ့သေးဘူး ၊ မြတ်နိုးရယ်"

ဒေါသဖြစ်နေသော အစ်မကို ယုယက ပျာပျာသလဲ ဖြေရှင်းသည် ။ အောင်နိုင်သော အပြုံးတွေ ပိုင်စိုးမိုးရဲ့ နှုတ်ဖျားမှာ တွဲခိုနေသည် ။

“သိပ် ဒေါသကြီးမနေနဲ့ မြတ်နိုး၊ သူ့အခန်းကို မနေ့ညက ငါရောက်တယ်၊ အမှတ်မထင် စားပွဲပေါ်က စာကို တွေ့ရတယ်၊ မင်းရဲ့ လက်ရေးကို တွေ့တာနဲ့ ဖတ်မိပြီး သိတာ၊ ယုယကို မင်း ရန်လိုမနေပါနဲ့ ”

ပါးစပ် အဟောင်းသားနှင့် ပိုင်စိုးမိုးကို မြတ်နိုးက ကြည့်နေသည် ။

“ဘာလဲ... ငါနဲ့ တွေ့ရမှာ မင်း သိပ်ကြောက်နေလို့ လား”

“ဟွန်း.... ဝေးပါသေးတယ် ကိုပိုင်စိုးမိုး၊ ရှင်နဲ့ စာရင်းရှင်းဖို့ ကျွန်မ လာခဲ့တာပဲ”

“သြော်... ဟုတ်လား”

မခံချင်စရာ လှောင်ထေ့နေသော အမူအရာတွေနှင့် ပိုင်စိုးမိုးက ရှိနေသည် ။

“အေး... ငါကလည်း မင်းတို့ မောင်နှမ နှစ်ယောက်နဲ့ စာရင်းရှင်းစရာ ရှိလို့ လာခဲ့တာပဲ”

“ကောင်းပါလေ့ ရှင်”

“ကဲ.... ယုယ ဘာစားမလဲ မှာ လေ၊ စားသောက်ပြီး အိမ်မှာ ပဲ သွားပြီး အေးအေးဆေးဆေး စာရင်းရှင်းကြတာပေါ့”

ယုယနှင့် သူ့အတွက် စားသောက်စရာများ စားပွဲပေါ်သို့ ရောက်လာသည် ။ ခပ်အေးအေးပင် စားသောက်စရာ ရှိသည် ကို ပိုင်စိုးမိုးက စားသောက်နေသည် ။

ယုယကို ကြည့်ရသည် မှာ လည်း ကတုန်ကယင် ဖြစ်နေသည် ။ မြ

တ်နိုးက စားလက်စ အစားကိုပင် ဆက်မစားနိုင်လောက်အောင် ရင်မှာနင့်နေသည် ။

ပိုင်စိုးမိုးကို သူမ ရင်ဆိုင်ရန် အဆင်သင့်မဖြစ်သေးသည့်အချိန်မှာ ရင်ဆိုင်လိုက်ရ၍ စိတ်အနှောင့်အယှက် ဖြစ်သွားရသည် မှာ အမှန်ပါ။

စားစရာကို ဆက်စားလိုစိတ် မရှိ၍ သည် အတိုင်း ထားလိုက်ရသည် ။ လက်ကျန် ကော်ဖီကို မော့သောက်လိုက်သည် ။ ယုယကလည်း ဝတ်ကျေတမ်းကျေ စားနေသည် ။ ပိုင်စိုးမိုးတစ်ယောက်သာ စိတ်ပါလက်ပါ လက်စသတ်အောင် စားနေသည် ။

"ငါ့ကို မတော်တဆ တွေ့တာနဲ့ ဝမ်းသာလုံး ဆို့ပြီး မစားနိုင်အောင် ဖြစ်နေသလား"

မြတ်နိုးကို ကြည့်ပြီး လှောင်ရယ်များ နှင့် ပိုင်စိုးမိုးက ပြောသည် ။

"ဒီမှာ ကိုပိုင်စိုးမိုး၊ ကျွန်မ ရန်ကုန်ကို လာခဲ့တာ ရှင်နဲ့ တွေ့ဖို့ ၊ စာရင်းရှင်းချင်လို့ သိလား၊ ရှောင်ပုန်းနေချင်လို့ များ မထင်ပါနဲ့ "

"သြော်... ဟုတ်လား၊ တမင်တွေ့ရအောင် လာခဲ့တယ်ဆိုတော့ တွေ့ရသေးတာပေ့ါ"

စားသောက်ပြီး စားပွဲထိုးကို ခေါ်ပြီး ပိုင်စိုးမိုးက ရှင်းသည် ။ ယခင်အတိုင်း ပြောင်းလဲမှု မရှိသေးတဲ့ ပိုင်စိုးရဲ့ ချောမွေ့နေတဲ့ မျက်နှာကို ကြည့်ရင်း မြတ်နိုးရဲ့ ရင်မှာ တဆစ်ဆစ် နာကျင်နေသည် ။

"ကဲ... မောင်နှမ နှစ်ယောက်လုံး ကျွန်တော့်ရဲ့ ကားပေါ်ကို ကြွပါ"

ပိုင်စိုးမိုးရဲ့ စကားတွေကို အံလေးတင်းတင်းကြိတ်ပြီး မြတ်နိုး ငြိမ်၍ လိုက်လာသည် ။

ပိုင်စိုးမိုး ကားပြောင်းစီးနေသည် ကို တွေ့ရသည် ။

ဖွင့်ပေးလာသော တံခါးကနေ ကားနောက်ခန်းမှာ မောင်နှမနှစ်ယောက်လုံး ဝင်ထိုင်လိုက်ကြသည် ။

အောင်နိုင်သူရဲ့ အပြုံးတွေနှင့် ပိုင်စိုးမိုးက ကားကို စက်နှိုးပြီး မောင်းထွက်ခဲ့သည် ။

တရိပ်ရိပ်ပြေးနေသော ကားက ရှေ့တူရူ အရပ်သို့ သွားနေသည် ။ မြတ်နိုးရဲ့ အတွေးတွေကတော့ တရိပ်ရိပ် နောက်ပြန်ပြီး အတိတ်ကာလဆီသို့ ပြေးနေသည် ။

*

(၄)

"မြတ်နိုးရေ… ဖေဖေ အလုပ်ရလာပြန်ပြီတဲ့ "

မီးဖိုထဲမှာ ချက်ပြုတ်နေသော မြတ်နိုးကို မောင်ငယ် ယုယက ဝမ်းသာအားရ အပြေးကလေး သတင်းလာပို့သည် ။

"ဟယ်… ဟုတ်လား၊ ဘယ်မှာ လဲ"

မြတ်နိုးကလည်း ဝမ်းသာအားရနှင့် ယုယကို ပြန်မေးသည် ။ အစိုးရဌာနတစ်ခုမှာ အငြိမ်းစားယူလိုက်ပြီ ဖြစ်နေသော ဖခင် ဦးဘမြင့်သည် ကျန်းမာသန်စွမ်းဆဲလည်း ဖြစ်နေသေးသည် ။ ပြီးတော့ အိမ်မှာ ဖူလုံလောက်ငအောင်လည်း စွမ်းဆောင်နေချင်သေးသည် ။

ဒါကြောင့် အပြင်အလုပ်ကို လိုက်ရှာခဲ့သည် ။

"လာ… ဖေဖေ စောင့်နေတယ်"

ဧည့်ခန်းမှာ စောင့်နေသော ဖခင်ထံသို့ အဆောတလျင် ထွက်လာကြသည် ။

"ဖေဖေ အလုပ်ရခဲ့ပြီဆို"

ချစ်လှစွာသော ဖခင်မို့ ကုလားထိုင်နားမှာ ပဆစ်တုပ်ပြီး ထိုင်ကာ မေးသည် ။

"ဟုတ်တယ် သမီး၊ ပုဂ္ဂလိက စက်ရုံတစ်ခုမှာ ဖေဖေ အလုပ်ရခဲ့တ

ယ်”

“ဘာစက်ရုံလဲ ဖေဖေရဲ့ ”

“သံမဏိစက်ရုံမှာ ပါကွယ်၊ အဲဒီသူဌေးလေး ပိုင်စိုးမိုးက ဖေဖေ့ကို လူတွေ့စစ်ဆေးပြီး သဘောကျတာနဲ့ မန်နေဂျာ တစ်ခါတည်း ခန့်လိုက်တယ်”

“ဟင်... ဟုတ်လား လခကရော...”

“တစ်လှ နှစ်ထောင်တဲ့ သမီး”

“ဟယ်... ဟန်ကျလိုက်တာ ဖေဖေရယ်”

မိသားစုလေး သုံးယောက် အပျော်မျက်နှာများ နှင့် ရှိနေသည် ။

“သမီးလေး ကျောင်းပြီးအောင် တက်နော်”

“ဟုတ်ကဲ့ ဖေဖေ”

ဒုတိယနှစ်တက္ကသိုလ် ကျောင်းသူလေးဖြစ်သူ သမီးကို ကြင်နာစွာ ဆံပင်တွေကို ပွတ်သပ်ရင်း ဖခင်ကြီးက ပြောသည် ။ သားငယ် ငါးနှစ်သားကတည်းက အမိမဲ့ခဲ့သော သားသမီးတွေကို ဦးဘမြင့် တစ်ယောက်တည်း ပြုစုပျိုးထောင်ခဲ့သည် ။

ချစ်လှစွာသော ဇနီးသည် သည် ၊ သားသမီးတွေကို သိပ်ချစ်ပြီး အိမ်ထောင်ရှင်မ ပီသသော မိန်းမတစ်ယောက် ဖြစ်သည် ။

သားသမီးတွေကို ချစ်သလို ယုယသည် ။ လင်ယောကျ်ားအပေါ်မှာလည်း မယားဝတ္တရား ကျေပွန်သော အိမ်ရှင်မကောင်းတစ်ယောက် ဖြစ်သည် ။

သမီးကြီးကို မြတ်နိုးလို့ အမည်ပေးခဲ့သလို သားငယ်ကိုလည်း ယုယ

လို့ မေတ္တာနှင့် ဆက်နွယ်သော အမည်သင်္ကေတလေးတွေကို ပေးမှ ညှိခဲ့သည် ။

ဇနီးသည် မျက်ကွယ်ပြု၍ သွားပြီမို့၊ သမီးနှင့်သားကို နှစ်ဆတိုးပြီး ဦးဘမြင့်က ကြင်နာပြုစု ပျိုးထောင်နေရသည် ။

ဖခင်ကြီးရဲ့ စေတနာ၊ မေတ္တာကို နားလည်ပြီး၊ သားသမီးတွေကလည်း လိမ္မာကြသည် ။

“ဖေကြီး ဘယ်တော့ အလုပ်ဆင်းရမှာ လဲ”

“လကုန်ကျရင်ကွယ့်”

“ဟင်... ဒါဆို သုံးလေးရက်ပဲ လိုတော့တာပေါ့”

ပျော်ရွှင်နေတဲ့ သားသမီးတွေကို ကြည့်ပြီး ဦးဘမြင့်ရဲ့ ရင်မှာ ကြည်နူးနေသည် ။ မိသားစုလေး ပို၍ ပြည့်စုံဖူလုံမှုကို ရရှိခဲ့သည် လေ။

“ကဲ... သားလေး ယုယ၊ ဒီနေ့ ဖေဖေတို့ မိသားစု ဝမ်းသာတဲ့ အထိမ်းအမှတ်နဲ့ ညစာ ခေါက်ဆွဲကြော် ဝယ်စားကြမယ်၊ သွားမယ်ကွာ”

“ဟာ... သိပ်ကောင်းတာပေါ့ ဖေကြီးရ”

သီရိဂေဟာလေးအတွင်းမှာ ပျော်ရွှင်သော ရယ်သံများ လွှမ်းမိုးသွားပါတော့သည် ။

*

ဦးဘမြင့်ရဲ့ အလုပ်ရှင်သူဌေးသည် ၊ အသက်ငယ်ငယ်ပင် ရှိသေးသည် ကို မြတ်နိုး သိရသည် ။ မိမိထက် လေးငါးနှစ်သာ ကြီးပြီး လုပ်ငန်းတစ်ခုကို ဦးဆောင်လုပ်နေသည် ဆိုတာ သိရပြီး အထင်ကြီးမိသည် ။

ဦးဘမြင့် အလုပ်ဝင်ခဲ့သည် မှာ သုံးလေးလပင် ရှိသွားသည် ။ သူဌေး

ပိုင်စိုးမိုးကို မြတ်နိုး တစ်ခါဖူးမှ တွေ့ဆုံခဲ့ခြင်း မရှိသေးပါ။

"မြတ်နိုးရေ... သူဌေးဦးပိုင်စိုးမိုးက တကယ်ချော၊ တကယ်ခန့်တာ လူပျိုတဲ့ သိလား"

ဖခင်ရဲ့ စက်ရုံကို လိုက်သွားပြီး၊ အပြန်မှာ ယုယက ပြောင်စပ်စပ် မျက်နှာနှင့် ပြောသည် ။ ယုယကို ခပ်တည်တည် မျက်နှာထားနှင့် မြတ်နိုးက ကြည့်သည် ။ ဘာစကားကိုမျှ ခွန်းတုံ့မပြန်ပါ။

"သဘောလည်း ကောင်းတယ် သိလား၊ ဖေကြီးက သူနဲ့ ငါ့ကို မိတ်ဆက်ပေးတယ်"

ယုယက ပိုင်စိုး တော်ကြောင်း၊ အလွန် ကြွယ်ဝချမ်းသာကြောင်း၊ သည် စက်ရုံအပြင် အခြားစီးပွားရေး လုပ်ငန်းများ လည်း ရှိသည့်အကြောင်းများကို ပြောမဆုံးအောင် ရှိနေသည် ။

ကြာတော့... မြတ်နိုး နားကြားပြင်း ကတ်လာသည် ။ ယုယကို ခပ်တည်တည်နှင့် မာန်လိုက်သည် ။

"ကဲ... တော်ပါတော့၊ နားတွေလည်း ပူလှပါပြီ"

"အသက်ငယ်ငယ်နဲ့ ကြီးပွားချမ်းသာပြီး တော်လွန်းလို့ ပါ အားကျလိုက်တာ မြတ်နိုးရာ"

တစ်နစ်သာ ကွာခြားပြီး၊ ငယ်ငယ်တည်းက နှုတ်ကျိုးနေ၍ ယုယက အစ်မကို ငါဆိုသော အသုံးအနှုန်းနှင့်ပင် သုံးသည် ။

"နင်လည်း အဲဒီလို ဦးပိုင်စိုးမိုးကို တွေ့ရင် သဘောကျမှာ ပါဟာ"

"အံမယ်... ဘာဆိုင်လို့ သဘောကျရမှာ လဲ"

"ချောလည်း ချော၊ တော်လည်း တော်၊ ချမ်းလည်း ချမ်းသာတာ၊

အားကျစရာပေါ့ မြတ်နိုးရ”

“ငါကတော့ မတွေ့ချင်ပါဘူးဟာ”

“တကူးတက သွားတွေ့ရမှာ အောက်တယ်၊ ဖေဖေကြီးဆီ သွားလည် ရင်းနဲ့ မတော်တဆ တွေ့လိုက်ပေါ့”

“တွေ့တော့ ငါ့မှာ ဘာအကျိုး ရှိသွားမှာ မို့လို့ လဲ ယုယရဲ့ ”

စိတ်ဆိုးဆိုးနှင့် ယုယကို ကောလိုက်သည် ။

“မတော်တဆ ဇာတ်လမ်းလေး ဘာလေး ဖြစ်သွားတော့ ငါတို့ ချမ်း သာမှာ ပေါ့ဟ”

“ဟယ်… ယုယ”

မောင်ငယ်ကို ဒေါသတကြီးနှင့် လှမ်းကြည့်သည် ။ ယုယသည် ဘာ ကိုမှ အလေးမထားတတ်။ သည် လိုပဲ နောက်ပြောင်တတ်သည် မှာ သူ့ ဝါသနာလေ။

“အဲဒီစကားက အစ်မကို ပြောကောင်းတဲ့ စကားလား… ဟဲ့”

“နှစ်ဆယ်ရာစုနှစ် နောက်ဆုံးပိုင်းရောက်နေပြီ မြတ်နိုးရဲ့ ၊ အတွေး အခေါ်တွေ ခေတ်မီစမ်းပါ”

“ဘာခေတ်မီရမှာ လဲ”

“ရည်းစားထားတာတို့ အိမ်ထောင်ပြုတာတို့ က ရှက်စရာအလုပ် မ ဟုတ်ပါဘူး၊ အစ်မ ရည်းစားထားတာလည်း သဘာဝရဲ့ နိယာမ တစ်ခု ထဲက တစ်ခုမို့ ငါ မရှက်ပါဘူး”

“ဟယ်… တော်တော်မျက်နှာပြောင်တာပဲ”

ယုယကို စိတ်ဆိုးလို့ လည်း အပို။ သူက ပြောချင်တာ ပြော၊ လုပ်ချင်

တာ လုပ်တတ်သူပါ။

နှမ လင်ယူလည်း ၊ မျက်နှာပူမည့် လူစားမျိုး မဟုတ်။ ဘာကိုမှ အလေးမထား ပေါ့ပြက်ပြက်နိုင်သည့် မောင်ကို တစ်ခါတစ်ခါ စိတ်ကုန်မိသည် မှာ အမှန်ပါ။

"လျှောက်ပြီး ပေါက်ကရတွေ မပြောစမ်းနဲ့ ယုယ၊ မတော်လို့ ဟိုက ကြားသွားရင် ငါသိက္ခာတွေ ကျနေမယ်၊ မိန်းကလေးတန်ဖိုး လျော့နေမယ် သိလား"

"ဟုတ်လား၊ အဲဒီမိန်းကလေးကြီးက ဘယ်လောက်တန်လဲ၊ ဦးပိုင်စိုးမိုး မေးရင် အသင့် ပြောနိုင်အောင် ပြောထားစမ်းပါဦး"

"ဟာ... ပြောလေ ကဲလေ"

မြတ်နိုး လက်ထဲက အာလူးသီးက လွင့်ခနဲ ယုယဆီသို့ ပြေးသွားသည် ။ ယုယက တိမ်းရှောင်လိုက်သည် ။ အာလူးနှင့် မိတ်ဆက်သည့် ဘေးက လွတ်သွားသည် ။

"တွေ့လား ယုယတို့ က အရှောင်အတိမ်းမှာ ဂျက်စီဂျိမ်းပဲ၊ စိတ်မပူနဲ့ မြတ်နိုးယောကျ်ားရဖို့ ၊ ငါ့မှာ တာဝန်ရှိတယ်၊ ကြိုးစားပေးမယ် သိလား"

ယုယက အစ်မကို မခံချင်အောင် နောက်ပြောင်ပြီး၊ အနားက လှစ်ခနဲ ထွက်ပြေးသွားသည် ။ ဒေါသတွေဖြင့် အောက်နှုတ်ခမ်းကို တင်းတင်း ကိုက်ရင်း မြတ်နိုး ကျန်ရစ်ခဲ့သည် ။

"ခွေးစုတ်"

လိုက်ရိုက်လို့ လည်း မထိ၍ ငုတ်တုတ်ထိုင်ရင်း၊ ယုယကို ကင်ပွန်းတပ်လိုက်သည် ။

အစအနောက်သန်တဲ့ ယုယကြောင့် မြတ်နိုး မကြာခဏ စိတ်ဆိုးရသလို ငိုရသည့်အခါတွေလည်း ရှိခဲ့သည်။

တစ်ယောက်တည်းရှိမှ ယုယ ပြောခဲ့သော စကားများကို ပြန်လည်အမှတ်ရသည်။ ပိုင်စိုးမိုးကို ယုယသည် သိပ်ကို ညွှန်းနေသည်။ တစ်ခါလောက်တော့ ပိုင်စိုးမိုးနှင့် တွေ့ဆုံချင်သည့်စိတ် ဖြစ်ပေါ်လာသည်။

*